# ပိုမိုလုံခြုံသော အွန်လိုင်း ဂိမ်းကစားပွဲ

**အွန်လိုင်း ဂိမ်းကစားပွဲများသည် သင့်ကလေးအတွက် လေ့လာရန်နှင့် မိတ်ဆွေများဖွဲ့ရန် ကူညီပေးနေချိန်တွင် အလွန့်အလွန် ပျော်ရွှင်စေနိုင်ပါသည်။**

သို့သော်လည်း ကြမ်းတမ်းသည့် အကြောင်းအရာများ မြင်တွေ့ခြင်း၊ အနိုင်ကျင့်ခံရခြင်း သို့မဟုတ် သူစိမ်းများ၏ ဆက်သွယ်ခံရခြင်းကဲ့သို့ အန္တရာယ်များ ရှိနိုင်သည်။

ကံအားလျော်စွာဖြင့် ၎င်းတို့ အွန်လိုင်း ဂိမ်းများကစားနေစဉ် လုံခြုံနေစေရန် သင် လုပ်ပေးနိုင်သည့် အရာများ ရှိပါသည်။

## သင့်ကလေးအား ကူညီပါ

မသင့်တော်သော အကြောင်းအရာကို တားဆီးပေးထားရန်နှင့် ဂိမ်းကစားပွဲ၌ ၎င်းတို့ ပစ္စည်းများ ဝယ်ခြင်းကို ရပ်တန့်စေရန် သင့်ကလေး၏ အွန်လိုင်း သုံးစက်ပစ္စည်းနှင့် ဂိမ်းကစားပွဲရှိ အသုံးပြုပုံနည်းများ (settings) ကို သုံးပါ။

၎င်းတို့အနေဖြင့် ကိုယ်ပိုင် နာမည်ရင်းများကို လျှို့ဝှက်ထားစေရန် နာမည်အတု မှည့်ထားသင့်ပြီး ခန့်မှန်းရခက်သည့် စကားဝှက်ကိုလည်း သုံးသင့်သည်။

## ကောင်းသော ဂိမ်းကစားပွဲ အတွေ့အကြုံများ

သင့်ကလေး ကြိုက်နှစ်သက်သည့် ဂိမ်းကစားပွဲများကို ၎င်းတို့နှင့်အတူ ကစားခြင်းဖြင့် လေ့လာပါ။ ဤသို့ဖြင့် ဖြစ်နိုင်သော အန္တရာယ်များကိုလည်း သင့်အနေဖြင့် သိရှိစေပါလိမ့်မည်။ သင် အောက်ပါတို့ကိုလည်း လုပ်နိုင်သည်-

- သင့်ကလေးနှင့်အတူ ၎င်းတို့ မည်သူနှင့်ကစားနေပြီး မည်သည့် ဂိမ်းကစားပွဲကို ကစားသည့်အကြောင်း ပြောဆိုပါ။
- ဂိမ်းကစားခြင်းသည် အလွန် လုပ်ရကျိုးနပ်နိုင်သည်၊ ၎င်းတို့အတွက် ကောင်းသော အတွေ့အကြုံရရှိရန် အခြား နည်းလမ်းများကို ကြိုးစားရှာဖွေပေးပါ။
- အကယ်၍ ၎င်းတို့၏ ဂိမ်းကစားခြင်းနှင့်ပတ်သက်၍ သင် စိုးရိမ်မကင်းဖြစ်လျှင် သင့်ကလေးနှင့်ပြောဆိုပါ။ သင့်အနေဖြင့် **ကလေးများအတွက် ကူညီပေးရေးဖုန်းလိုင်း (Kids Helpline)**သို့မဟုတ် **မိဘများအတွက် ကူညီပေးရေးဖုန်းလိုင်း (Parentline)**ရှိ အကြံပေးအရာရှိထံမှလည်း အကူအညီ ရယူနိုင်ပါသည်။

## ပြဿနာများကို ဖြေရှင်းခြင်း

အကယ်၍ တစ်ယောက်ယောက်က မသင့်လျော်သော အရာများ ပြောဆိုလျှင် သို့မဟုတ် ၎င်းတို့၏ လိပ်စာကဲ့သို့ ပုဂ္ဂိုလ်ရေးအချက်အလက်များကို တောင်းလျှင်ကဲ့သို့ ၎င်းတို့အနေဖြင့် စိုးရိမ်စရာတစ်ခုခုရှိပါက သို့မဟုတ် စိတ်မသက်မသာစရာ တစ်ခုခုရှိပါက သင့်အား ပြောပြနိုင်ကြောင်း သင့်ကလေးအား အသိပေးထားပါ။

အနိုင်ကျင့်ခြင်း၊ လူမျိုးရေးခွဲခြားခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်းသည် မည်သည့်အခါမျှ မသင့်တော်ကြောင်းနှင့် ၎င်းတို့အနေဖြင့် တိုင်တန်းနိုင်ကြောင်း သင့်ကလေးအား အသိပေးထားပါ။ အွန်လိုင်း အနှောင့်အယှက်ပေးခြင်းကို မည်သို့တိုင်တန်းရမည့်အကြောင်း လေ့လာရန်**အီလက်ထရွန်းနစ်လုံခြုံရေး လမ်းညွှန် ( eSafety Guide)** ကိုသုံးပါ။ အကယ်၍ အွန်လိုင်း လူမှုမီဒီယာက အရေးယူမဆောင်ရွက်ပါက သင့်တော်သော ပံ့ပိုးမှုကို ရှာဖွေပေးစေရန် **အီလက်ထရွန်းနစ်လုံခြုံရေး (eSafety) ကိုဆက်သွယ်ပါ** ။



သင့်မိသားစု အွန်လိုင်း လုံခြုံရေးကို မည်သို့ထားရှိရမည့်အကြောင်း ပိုမိုသိရှိရန် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ရှိ **မိဘများအတွက် အီလက်ထရွန်းနစ်လုံခြုံရေး(eSafety Parents)** ကိုဖတ်ရှုပါ။